## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု ၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များကို အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစု ခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း

တီအမ်အိတ်ချ်တယ်လီကွန်းကုမ္ပဏီလီမိတ်တက်၏ ဒါရိုက်တာအဖွဲ့ဝင်များမှ ထုတ်ပြန်ကြေညာသည် မှာ ၂၀၁၉ ခုနှစ် ၊ ဇွန်လ (၂၇) ရက်နေ့တွင် ကျင်းပသည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး အတည်ပြုချက်အရ ၂၀၁၉ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့တွင်ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုပမာဏကို သာမာန်အစုရှယ်ယာ(၁)စု လျှင်(၅၀)ကျပ်နှုန်းခွဲဝေပေးရန် နှင့် မူရင်း အစုရှယ်ယာ (၂၀)စု ပိုင်ဆိုင်လျှင် အပိုဆုအစုရှယ်ယာ (၁) စု ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း အသိပေးကြေညာအပ်ပါသည်။

တီအမ်အိတ်ချ်တယ်လီကွန်းကုမ္ပဏီလီမိတက်အနေဖြင့် အဆိုပါအမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို **၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ (၂၆) ရက်နေ့** (**အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များအဖြစ် အတည်ပြုမည့်ရက် - Record Day**) တွင် ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ပါသည်။

ယင်းအဆိုပြုထားသည့် အပိုဆု အစုရှယ်ယာများကို ၂၀၁၉ခုနှစ် ၊ ဇူလိုင်လ (၃၁)ရက်နေ့တွင် ထုတ်ဝေမည် ဖြစ်ပြီး၊ ငွေသားအမြတ်ဝေစုကို ၂၀၁၉ခုနှစ် ၊ စက်တင်ဘာလ (၂၇) ရက်နေ့မှ စတင်၍ ငွေချေးသက်သေခံကုမ္ပဏီများ မှ တဆင့် သက်ဆိုင်ရာအစုရှယ်ယာရှင်များ၏ စာရင်းသို့ ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်စတော့အိပ်ချိန်းတွင် TMH ကုမ္ပဏီ၏ အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်ခြင်းကို ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ (၂၄)ရက်နေ့ မှ ၂၀၁၉ ခုနှစ် ဇူလိုင်လ (၃၁)ရက်နေ့ အထိ ရပ်ဆိုင်းထားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ (၁)ရက်နေ့ တွင် ရှယ်ယာအရောင်းအဝယ်များကို ပြန်လည်စတင်မည်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု နှင့် အပိုဆု အစုရှယ်ယာ ၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များကို အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုနှင့် အပိုဆုအစုရှယ်ယာကို ခံစားခွင့်မရှိသော အစုရှယ်ယာရှင်တို့အား သတ်မှတ်သည့်ရက်များကို အောက်ဖော်ပြပါ ဇယားဖြင့် အသိပေးအပ်ပါသည်။

| **အတည်ပြုနေ့ရက်များ** | **အကြောင်းအရာ** |
|---|---|
| နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက်(**AGM Day**) | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိရန်နောက်ဆုံးဝယ်ယူရမည့်နေ့ (**Last Day to Trade**) | ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက် |
| အမြတ်ဝေစုခံစားခွင့်မရရှိသော အစုရှယ်ယာဝယ်ယူသည့်နေ့ (**Ex-Day**) | ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက် |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့်အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (**Record Day**) | ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက် |
| ရှယ်ယာအရောင်းအဝယ် ရပ်ဆိုင်းထားမည့်ရက် | ၂၀၁၉ခုနှစ် ၊ ဇူလိုင်လ (၂၄)ရက်မှ (၃၁)ရက်နေ့အထိ |
| အပိုဆု အစုရှယ်ယာ ထုတ်ပေးမည့်ရက် | ၂၀၁၉ခုနှစ် ၊ ဇူလိုင်လ (၃၁) ရက် |
| ငွေသားအမြတ်ဝေစု ထုတ်ပေးမည့်ရက် | ၂၀၁၉ခုနှစ် ၊ စက်တင်ဘာလ ၂၇ ရက်။ |

**Bonus Share ထုတ်ဝေပေးခြင်းနှင့်ပတ်သက်၍ အသိပေးခြင်း**

Bonus Share များကို တစ်စုလျှင် မူလတန်ဖိုး ကျပ် ၁၀၀၀/- ဖြင့် ထုတ်ဝေပေးမည်ဖြစ်ပြီး ကုမ္ပဏီ၏လက်ရှိ ထုတ်ဝေထားသော အစုရှယ်ယာများနှင့် အမျိုးအစားတူ ဖြစ်ပါသည်။ ယခုထုတ်ဝေမည့် Bonus Share များသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုရရှိမည်မဟုတ်ဘဲ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှသာ အမြတ်ဝေစုခံစားခွင့် ရရှိမည်ဖြစ်ပါသည်။ အစုရှယ်ယာထုတ်ဝေခြင်းနှင့်ပတ်သက်၍ စားကြွင်းမပြတ်သောအစုရှယ်ယာများကို ထုတ်ဝေမည် မဟုတ်ပါ။ ဥပမာ အစုရှယ်ယာ(၇၈)စု ပိုင်ဆိုင်ပါက (၂၀)စု-(၁)စု အချိုးအရ Bonus Share(၃)စု ခံစားခွင့်ရှိပါမည်။ သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များအနေဖြင့် (၂၀)လီစိတ် အချိုးညီစေရန် ရှယ်ယာများထပ်မံဝယ်ယူလိုပါက ရှယ်ယာ အရောင်းအဝယ်ပြုရမည့် နောက်ဆုံးရက် (Last Day to trade) မတိုင်မီ ထပ်မံဝယ်ယူဆောင်ရွက်နိုင်ပါသည်။

ကုမ္ပဏီအနေဖြင့် ရန်ကုန်စတော့အိပ်ချိန်း(YSX) ရှိ သက်ဆိုင်ရာအစုရှယ်ယာရှင်များစာရင်းကို စိစစ်ပြီးချိန် တွင် ထုတ်ဝေမည့်စုစုပေါင်းရှယ်ယာအရေအတွက်ကို အစုရှယ်ယာရှင်များသို့ ဆက်လက်ထုတ်ပြန်ကြေညာ သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်
အုပ်ချုပ်မှုဒါရိုက်တာ
၂၀၁၉ ခုနှစ် ၊ ဇွန်လ (၂၈)ရက်။